အမှတ်စဉ်-၁၂

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# ရှစ်ယောက် နှင့် တစ်ယောက်

## အမှာစကား

သာသနာတော်နှစ် ၂၅၅၀-ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၆၈-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈-ရက်၊ ရန်ကုန်တိုင်း၊ ဥက္ကံမြို့၊ ဘုရားကြီး ကျောင်းတိုက်အတွင်းဝယ် ဝိနယာဓိက ဝိနည်း စာတော်ပြန် မေးဖြေ ပွဲကြီးနှင့် စပ်လျဉ်း၍ ဆင်ယင် ကျင်းပပြုလုပ်အပ်သော ညဥ့်ဦးယံဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ် သည့် ''ရှစ်ယောက်နှင့် တစ်ယောက်'' တရား ဒေသနာ တော်။

ဤစာအုပ်သည် ဟောတရားကို အသံမှ စာလုံး အဖြစ် ကူးပြောင်းကာ တည်းဖြတ်ထုတ်ဝေအပ်သော စာအုပ်ဖြစ်သည်။ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်၌ လာရှိသော ''အက္ခဏသုတ်'' ကိုပင် ''ရှစ်ယောက်နဲ့ တစ်ယောက်'' ဟု အမည်ပေးကာ ဟောထားခြင်း ဖြစ်သည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြသည့် ''ဩကာသကန်တော့ချိုး'' တွင် ပါဝင်သည့် 'ရပ်ပြစ်ရှစ်ပါး' ဆိုသည်မှာ အဆိုပါ ရှစ်ယောက်ရဲ့ ဖြစ်ရာဘုံဘဝရှစ်မျိုးကို ရည်ညွှန်းသည်။

ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် မူရင်း အက္ခဏသုတ် ကိုလည်း ဖတ်ရှုလေ့လာသင့်သည်။ ရရှိထားပြီး မိမိ တို့ရဲ့ ဘဝအခြေအနေကောင်းများကို လက်တွေ့ အသုံးချကာ ဘဝတန်ဖိုးကို အပြည့်အဝ အရယူနိုင်ကြ ပါစေ။

**ဓမ္မအသိ ရှိလျက်နေမည်။**

**အရှင်နန္ဒမာလာဘိဝံသ**

*

## ရှစ်ယောက် နဲ့ တစ်ယောက်

ဒီကနေ့ညဟောမယ့် တရားရဲ့ အမည်က ရှစ်ယောက် နဲ့ တစ်ယောက် တဲ့။ ''ရှစ်ယောက်နဲ့ တစ်ယောက်''ဆိုတာဘယ်နှစ်ယောက်တုန်း၊ ကိုးယောက် နော်၊ ကိုးယောက်လို့မပြောဘဲနဲ့ ဘာဖြစ်လို့ ''ရှစ်ယောက် နဲ့ တစ်ယောက်'' လို့ ပြောရသလဲဆိုတာ တရားနာပြီးရင် သဘောပေါက်မှာပါ။ တရားချစ်ခင်သူတော်စင်တို့ဟာ ရှစ်ယောက်ထဲမှာပါသလား၊ သို့မဟုတ် တစ်ယောက် ထဲမှာပါသလား ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ကြရမှာပါ၊

ဒီဒေသနာတော်အရ ''ရှစ်ယောက်နဲ့တစ်ယောက်'' ဆိုတာ အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်က ရှစ်ယောက်ရှိတယ်၊ လောကမှာ ဘဝအခြေအနေ အကျိုးပေးမလှလို့ ကံဆိုးမိုးမှောင်ကျပြီး အခြေအနေ မလှတဲ့ပုဂ္ဂိုလ်က ရှစ်ယောက်၊ ကံကောင်းလို့ အခြေ အနေကောင်းရထားတဲ့ ပုဂ္ဂိုလ်က တစ်ယောက်ထဲပဲ ရှိတယ်။ ဆိုလိုတာက ကိုးယောက်မှာ တစ်ယောက်ပဲ ကံကောင်းတယ်လို့ပြောတာနော်။ အေး ကံမကောင်းတဲ့ လူက ရှစ်ယောက်၊ ကံကောင်းတဲ့လူက တစ်ယောက် ထဲပဲရှိတယ်၊ အဲဒီ တစ်ယောက်ထဲမှာ တရားချစ်ခင် သူတော်စင် ပရိသတ်တို့ ပါတယ် မပါဘူးဆိုတာ ကိုယ့် ဖာသာကိုယ် ကြည့်ရမယ်။

## **အခွင့်ကောင်းရသူနဲ့ မရသူ**

ကံမကောင်းအကြောင်းမလှ အခြေအနေမပေးတဲ့ ပုဂ္ဂိုလ် ရှစ်ယောက်ဆိုတာ ဘယ်သူတွေလဲ၊ သံသရာ ဝဋ်က လွတ်ကင်းဖို့ တရားဓမ္မတွေကို မြတ်စွာဘုရားက ဟောတယ်၊ ထိုဟောထားတဲ့ တရားဓမ္မတွေကိုကျင့်ဖို့ အခွင့်အလမ်းမရရှိတဲ့ ပုဂ္ဂိုလ်တွေကိုပြောတာ။ လောက မှာ လူဖြစ်လာသော်လည်း

အခွင့်အရေးဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်တွေက အများကြီးပဲ၊ သံသရာလည်နေကြတဲ့ အထဲမှာ လူတိုင်းလူတိုင်း အခွင့်ကောင်းရရှိနေကြတာ မဟုတ်ဘူး၊ အခွင့်ကောင်းမရတဲ့ ပုဂ္ဂိုလ်တွေ အများ ကြီးပဲ။

အခွင့်အရေးဆိုတာနဲ့ပတ်သက်ပြီးပြောရရင် အခွင့် အရေးဆိုတာ အမျိုးမျိုးရှိတယ်၊ ဆိုပါစို့-တယ်လီဗစ်ရှင်း ကြည့်ချင်တယ်ဆိုရင် အိမ်မှာတယ်လီဗစ်ရှင်းရှိပေမယ့် လျှပ်စစ်မီးမရှိဘူး၊ လျှပ်စစ်မီးကမလာဘူးဆိုရင် ကြည့်လို့ ရမလား၊ မရဘူး၊ မီးလာတဲ့အခါမှ ကြည့်လို့ရတယ်၊ အခွင့်အရေးဆိုတာ အမြဲတမ်း ရှိရဲ့လား၊ မရှိဘူး၊ ဟို လျှပ်စစ်မီးနဲ့ ဝေးကွာတဲ့ တောရွာတွေမှာ လျှပ်စစ်မီး မပြောနဲ့ ကြယ်ကလေးတွေ လ,ကလေးတွေရဲ့ အလင်း ရောင်နဲ့နေကြရတယ်။ ကြယ်ရောင် လရောင်လေးတွေ ကို အားကိုးပြုပြီးတော့ ညအခါမှာ ခရီးသွားကြရတယ်။

ဟို ယခင်တုန်းက ဧရာဝတီတိုင်းက လူတွေဟာ ဒီရေ အတက်အကျကြည့်ပြီးတော့ ချောင်းတွေ မြောင်း တွေမှာ ခရီးသွားကြရတယ်နော်၊ ရေတက်ချိန်ကလေး ကိုကြည့်ပြီး လှေလောင်းတွေနဲ့ ခရီးသွားရတယ်၊ ချောင်းကြို ချောင်းကြားလေးမှာ ရေကျသွားပြီဆိုရင် သွားလို့ရသေးရဲ့လား၊ မရဘူး။ အခွင့်အရေးဆိုတာ အမြဲတမ်းရှိမနေဘူးလို့မှတ်ပါ၊

လူ့ဘဝရနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း အခွင့် ကောင်း အမြဲတမ်း ကြုံတာမဟုတ်ဘူးတဲ့၊ အခွင့်အရေး ကြုံတဲ့ အခိုက်ကလေးမှာ၊ အခွင့်သာခိုက်ကလေးမှာ ရသင့်ရထိုက်တာတွေကို ရအောင်ယူလိုက်မှ အခွင့် အရေး ရနိုင်တယ်။ အခွင့်အရေးဆိုတာ နောက်တစ်ခါ ပြန်လာချင်မှလာတယ်။

အခွင့်ကောင်းကို opportunity လို့ခေါ်တယ်၊ opportunity ဆိုတဲ့ အခွင့်ကောင်းဟာ ရံဖန်ရံခါမှသာ ရောက်လာတတ်တယ်၊ တစ်ခါရောက်လာပြီးရင်လည်း နောက်ထပ်ရောက်ချင်မှ ရောက်လာတယ်၊ ရောက်လာ တဲ့ အချိန်လေးမှာ လုပ်ရင်လုပ်လိုက်၊ မလုပ်လိုက်ဘူး ဆိုရင် သွားရော။

ထို့အတူပဲ သံသရာကြီးထဲမှာလည်း သတ္တဝါရယ်လို့ဖြစ်လာပြီးတော့ အခွင့်ကောင်းလေးတွေ လက်လွတ်ဆုံးရှုံးပြီး ဘယ်လိုမှ အခွင့်မရတဲ့ ပုဂ္ဂိုလ်မျိုးတွေဟာ ''ရှစ်ယောက်'' တောင် ရှိတယ်။

ကဲ ဆိုပါစို့၊ အခုလို ကြည့်စရာ ရှုစရာတွေ ပေါများ နေတဲ့ အချိန်လေးမှာ မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်တွေဟာ ထို ကြည့်စရာ ရှုစရာလေးတွေကို ကြည့်လို့ရရဲ့လား။ ကြံကြံဖန်ဖန် လူရွှင်တော်တွေက ပြောတာ ရှိသေးတယ်နော်၊ မင်းတုန်းမင်းကြီးတဲ့ ပဋ္ဌမ သံဂါယနာတင်သွားပေမယ့်လို့ ဖာလူဒါတော့ သောက်မသွားရဘူးလို့ ပြောတယ်။ ဘာဖြစ်လို့တုန်းဆို မင်းတုန်းမင်း လက်ထက်က ဖာလူဒါမှ မရှိတာနော်၊ အဲလို ကြံကြံဖန်ဖန် ပြောတဲ့လူကရှိသေးတယ်။ ကဲ တယ်လီဗစ်ရှင်းရော ကြည့်သွားရရဲ့လား၊ အဲဒီ တုန်းကမှ မရှိသေးတာ၊ ဟုတ်ရဲ့လား။

အဲဒီ တော့ အခွင့်အရေးဆိုတာ အမြဲတမ်း ရှိနေ တာ မဟုတ်ဘူး၊ သူ့ခေတ်နဲ့သူ့အခါ ဒီလို ပေါ်လာ တာမျိုး ဖြစ်တယ်၊ မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ် က လောကမှာ ကြည့်စရာ မြင်စရာတွေ ဘယ်လောက် ပေါပေါ သူ့မှာ အခွင့်အရေးက ဘယ်လိုမှ မလာတော့ ဘူး၊ အေး ဒီကနေ့ခေတ်မှာ နားထောင်ချင်စရာ အသံ မျိုးစုံ၊ music တွေကလည်း ပေါမှပေါ၊ ငြိမ့်ညောင်း သာယာတဲ့ သီချင်းတွေကစပြီးတော့ pop music တွေ အထိ၊ ဒီကနေ့မှာ နားကောင်းတဲ့လူတွေ နားထောင်ခွင့် ရသော်လည်း နားလေးနေတဲ့ပုဂ္ဂိုလ်၊ နားမကြားရတဲ့ ပုဂ္ဂိုလ်အဖို့ ထိုသီချင်းသံကို နားထောင်နိုင်ခွင့်ရရဲ့လား၊ မရဘူးနော်။

*